မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail :
blcsan@ksc.th.com;   Website : www. blc-burma.org

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့ တွင် အရေးပေါ် အခြေအနေကြေငြာမှု နှင့် စပ်လျှဉ်း၍ ဥပဒေ စိုးမိုးရေး ရှုဒေါင့် မှ လေ့လာတင်ပြခြင်း

နေ့စွဲ။ စက်တင်္ဘာ (၅) ၂၀၀၈ ခုနှစ်

## တင်ပြချက် အမှတ် (၁)

ထိုင်းနိုင်ငံတွင် လူထုက ထိုင်းအစိုးရရုံးချုပ်ကိုသိမ်း၍ ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် စက်တင်္ဘာ (၂) ရက်နေ့တွင် ဘန်ကောက်မြို့၌ အရေးပေါ်အခြေအနေကြေငြာခဲ့သည်။ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးမှုကို တည်ဆောက်မည်ဆိုလျှင် အသုံးပြုနိုင်ရေးအတွက်  ထိုင်းနိုင်ငံအတွေ့အကြုံများမှ ထူးခြားချက်များကို လေ့လာတင်ပြပါသည်။

၁။ ထိုင်းအစိုးရရော ဆန္ဒပြသူများပါ နှစ်ဘက်စလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှုပြသရန်၊ တရားရုံး၏ ဆုံးဖြတ်ချက်များကိုနာခံရန်၊ ဥပဒေနှင့်အညီ ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန်၊  ကြိုးပမ်းကြသည်။ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၊ ၃၂၊ ၃၃၊ ၃၄၊ ၃၆၊ ၃၈၊ ၄၁၊ ၄၃၊ ၄၅၊ ၆၃ တို့တွင် လွတ်လပ်မှုအခွင့်အရေးများပေးထားသော်လည်း တချိန်တည်းတွင် အကန့်အသတ်များရှိကြောင်းနှင့် ယင်းအကန့်အသတ်များကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း ရှင်းလင်းဆွေးနွေးမှုများအပေါ် အသိအမှတ်ပြုရမည်ဖြစ်သည်။

၂။ သောင်းနှင့်ချီသော လူထုကြီးက ရက်ပေါင်းတရာကျော်မျှ နေ့စဉ်အဆက်မပြတ် ဆန္ဒပြခဲ့သော်လည်း ထိုင်းအစိုးရအနေဖြင့် အကြမ်းဘက်ဖြိုခွဲသွားမည်မဟုတ်ကြောင်း ( **အရေးပေါ်အခြေအနေကြေငြာသည့် စက်တင်္ဘာ ၂ ရက်  မတိုင်မီအထိ** ) အကြိမ်များစွာ ပြောဆိုခဲ့သည်ကို တွေ့ရသည်။ နောက်ပိုင်းရက်များတွင် သိန်းနဲ့ချီသော လူထုကြီးများပါဝင် ဆန္ဒပြခဲ့ကြရာ၌ ယနေ့အချိန်အထိ တဦးသာ သေဆုံး၍ လူအနည်းငယ်သာ ထိခိုက်ဒဏ်ရာရခြင်းမှာကမ္ဘာ့ ဒီမိုကရေစီနိုင်ငံကြီးများမှာပင် တွေ့ရခဲ့သော အတွေ့အကြုံဖြစ်သည်။

၃။ အစိုးရရုံးချုပ်အတွင်းကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေရာယူ၍ ဆန္ဒပြခြင်းမှာ တည်ဆဲဥပဒေကို ချိုးဖေါက်ရာရောက်ကောင်းရောက်မည်ဖြစ်သော်လည်း လူကိုထိခိုက်ခြင်းမရှိ၍ ဥပဒေစိုးမိုးမှုကို ပျက်ယွင်းစေသည်ဟု  မသုံးသပ်နိုင်ကြောင်း၊ မဟတ္တမ ဂန္ဒီ ဦးဆောင်သောလူထုကြီးသည် အိန္ဒိယနိုင်ငံတွင် ဗြိတိသျှကိုလိုနီအစိုးရ၏ ဥပဒေများကို ဆန့်ကျင်ချိုးဖေါက်၍ အကြိမ်ပေါင်းများစွာ ဆန္ဒပြခဲ့ကြကြောင်းဖြင့် ထိုင်းပညာရှင်တဦးက ထောက်ပြရှင်းလင်းမှုကို မှတ်သားဘွယ်တွေ့ရသည်။

၄။ ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ကျင့်သုံးရာ၌ လွတ်လပ်၍တရားမျှတစွာကျင်းပသော ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် လူထု၏ကိုယ်စားလှယ်များက အုပ်ချုပ်ခြင်းမှာ တရားဝင်၍ ဥပဒေစိုးမိုးမှုကို ပံ့ပိုးထောက်ကူသည်။ သို့ရာတွင် ရွေးကောက်ပွဲတွင် မဲဝယ်ခြင်းအပါအဝင် အခြားမသမာမှုများပြု၍ အနိုင်ရလာခြင်းဖြစ်ကြောင်းထင်ရှားလျှင် ကိုယ်စားပြုဒီမိုကရေစီစနစ်၏ တရားဝင်မှုပျက်သုဉ်းသွားသည်။ သို့ဖြစ်၍ တိုက်ရိုက်ဒီမိုကရေစီကိုကျင့်သုံးသော လူထုဆန္ဒပြမှုများသည် တရားမဝင်အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းခြင်းမျှသာဖြစ်၍ တရားဝင်သည် အစရှိသော ဆွေးနွေးမှုများကို မှတ်သားဘွယ်တွေ့ရသည်။

၅။ အစိုးရ၏အရေးပေါ်အခြေအနေ အမိန့်အရ လူ (၅) ဦးထက်ပို၍ မစုဝေးရဟု ထုတ်ပြန်ထားသော်လည်း အစိုးရရုံးချုပ်ကို ဆက်လက်သိမ်းပိုက်ကာ ငြိမ်းချမ်းစွာဆန္ဒပြနေသော သောင်းနှင့်ချီသောလူထုကြီးကို အကြမ်းဘက်

ဖြိုခွင်းခြင်း မပြုနိုင်ကြောင်း တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး အနယ့်ဖွန်က ပြောကြားခဲ့သည်။ အထက်အမိန့်ပင်ဖြစ်သော်လည်း အသက်ရှင်သန်ပိုင်ခွင့် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်စေမည့်ပြစ်မှုမျိုးကို ကျူးလွန်ရန် တာဝန်ပေးမှုများဖြစ်ပါက မလုပ်နိုင်ကြောင်းငြင်းဆန်ခြင်းမှာ နိုင်ငံတကာဥပဒေအခြေခံများနှင့် ကိုက်ညီကြောင်း ဆွေးနွေးမှုများကိုလည်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ ရွှေ့နေများကောင်စီ